# ပါစကားကာလ တတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၂၀း၁၉ -၃၁

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်း ရှင်ယောဟန် ၂၁ မှာ တပည့်တော်ကြီးတွေ တစ်ညလုံးငါးဖမ်းတာ တစ်ကောင်မျှမရကြပါဘူး။ ဒီအခါ သဲသောင်ပြင်ပေါ်က ယေဇူးဘုရားရှင်က "ပိုက်ကွန်ကို လှေရဲ့ညာဘက်ကို ချလိုက်ပါ။ ငါးတွေ မိပါလိမ့်မယ်" လို့မိန့်တော်မူလိုက်တဲ့အတိုင်း ပိုက်ကွန်ကိုချလိုက်တဲ့အခါ ငါးတွေ အများကြီးမိပါတယ်။ အဲဒီအချိန်အထိ တပည့်တော်ကြီးတွေက သဲသောင်ပြင်ပေါ်က လှမ်းအော်ပြောနေတဲ့သူက ယေဇူးဘုရားရှင်ဖြစ်မှန်း မသိကြသေးပါဘူး။ အဲဒီအခါ ယေဇူးချစ်တော်မူသောတပည့်တော် ယောဟန်က "သခင်ဘုရားဖြစ်သည်" လို့ ပေတရုကို ပြောတဲ့အခါ ပေတရုက ရေကူးပြီး ယေဇူးဘုရားရှင်ရှိရာ သဲသောင်ပြင်ဆီကို သွားပါတယ်။

ယောဟန် ပြောလိုက်တဲ့စကားက "It is the Lord." "သခင်ဘုရားဖြစ်သည်" တဲ့။ တပည့်တော်ကြီးတွေက ယေဇူးဘုရားရှင်ကို "သခင်" လို့ ဝန်ခံပြောဆိုကြပါတယ်။ လောကရဲ့အသုံးအနှုန်းမှာ "သခင် နဲ့ အစေခံ" "ဆရာ နဲ့ တပည့်" "မိဘ နဲ့ သားသမီး" ဆိုပြီး ဒွန်တွဲ ရှိကြပါတယ်။ အခု သခင်ယေဇူးကိုလည်း သူ့တပည့်တော်ကြီးတွေက "သခင်" လို့ ဝန်ခံပြောဆိုတာက မလွန်ပါဘူး။ ဆရာသခင် ဖြစ်လို့၊ အသက်သခင် ဖြစ်လို့၊ ထာဝရအသက်ပေးပိုင်နိုင်တဲ့အရှင်ဖြစ်လို့ "သခင်" လို့ ခေါ်ကြတာပါ။

တပည့်တော်ကြီးတွေဘက်က "သခင်" လို့ ခေါ်ချင်ကြတာ မှန်ပေမဲ့ ယေဇူးဘုရားရှင်ဘက်ကတော့ လူတွေကို အဲ့ဒီလို သဘောမထားချင်ပါဘူး။ ဒါကြောင့် ရှင်ယောဟန် ၁၅း၁၅ မှာ "ငါသည် ယခုမှစ၍ သင်တို့အား အစေခံဟူ၍ ခေါ်ဆိုတော့မည်မဟုတ်။ ငါသည်

သင်တို့ကို မိတ်ဆွေဟု ခေါ်၏။" တဲ့။

ယနေ့ဖတ်သွားတဲ့ ပထမကျမ်းစာမှာလည်း ပေတရုနဲ့ တမန်တော်တို့က ရဟန်းအကြီးအကဲတွေကို သခင်ယေရှုအကြောင်းနဲ့ ပတ်သက်ပြီး ပြောပြကြတာက "ငါတို့ ဘိုးဘေးတို့၏ဘုရားသခင်သည် သင်တို့ လက်ဝါးကပ်တိုင်တင်၍ သတ်ခဲ့ကြသောယေရှုကို သေရာမှပြန်ရှင်စေတော်မူခဲ့၏။ အစ္စရာအဲလ်လူမျိုးတို့အား နောင်တတရားနှင့် အပြစ်လွှတ်ခြင်းအခွင့်ကိုပေးရန် ဘုရားသခင်သည် သူ့ကို မိမိ၏လက်ယာတော်ဘက်၌ ခေါင်းဆောင်နှင့် ကယ်တင်ရှင်အဖြစ် ချီးမြှင့်ခန့်ထားတော်မူ၏။" တပည့်တော်ကြီးတွေက သခင်ယေရှုကို "သခင်" အဖြစ် လက်ခံရုံတင်မက အခု ခေါင်းဆောင်နှင့် ကယ်တင်ရှင်အဖြစ်ပါ ဝန်ခံလက်ခံကြပါတယ်။

အခုလို လောကဆန်တဲ့ ခေတ်ကာလကြီးမှာ သင်ဟာ ခရစ်ယာန်တစ်ယောက်အနေနဲ့ သခင်ယေရှုကို ကိုယ့်ဘဝရဲ့ အဓိက ဦးထိပ်ပန်ထားရမည့် "သခင် နဲ့ ကယ်တင်ရှင်" ဖြစ်ကြောင်း တပည့်တော်ကြီးတွေလို ဟောပြောသက်သေခံရဲကြပါရဲ့လား။ ဒီလို ဟောပြောသက်သေခံလို့ လောကသားတွေက ခရစ်ယာန်တွေကို "ကိုယ့်ငါးချဉ် ကိုယ်ချင်" နေကြသူတွေ၊ စိတ်ကြီးဝင်နေသူတွေ လို့ ပြောချင်ပြောကြမယ်။

ကမ္ဘာပေါ်မှာ ဘယ်ဘာသာကမှ ခရစ်ယာန်ဘာသာလို "ငါတို့ဘုရားက သေရာမှပြန်ရှင်တော်မူပါတယ်" လို့ မပြောကြဘူး။ ခရစ်ယာန်ဘာသာတစ်ခုတည်းကပဲ "ဘုရားက သေရာမှပြန်ရှင်တယ်" လို့ တတွင်တွင် ပြောဆိုနေကြတာပါ။ ယေရှုဘုရားရှင်က သေရာမှပြန်ရှင်လို့ "သခင်" လို့ ခေါ်တာပါ။ သေရာမှပြန်ရှင်နိုင်လို့ လူတွေကိုလည်း အသက်ပေးနိုင်လို့ လောကရဲ့ကယ်တင်ရှင် လို့ ခေါ်ကြတာပါ။

မစ္ဆားတရားမှာ "ခရစ်တော်သခင် အသေခံတော်မူပြီ၊ ခရစ်တော်သခင် ရှင်ပြန်ထမြောက်တော်မူပြီ၊ ခရစ်တော်သခင် ဘုန်းဂုဏ်တော်နှင့် တစ်ဖန်ကြွလာတော်မူမည်" လို့ ကြွေးကြော်ကြတာက အခြေအမြစ်ရှိပါတယ်။ ဧဝံဂေလိကျမ်းစာမှာလည်း သေရာမှပြန်ရှင်ကြောင်းကို အလေးအနက်ထား ရေးသားထားပါတယ်။

ဒါကြောင့် ယနေ့ ဧဝံဂေလိကျမ်းစာမှာလည်း သဲသောင်ပြင်ပေါ်က လှမ်းအော်နေတဲ့သခင်ယေရှုက သရဲ့သဲ မဟုတ်ဘူး။ တပည့်တော်ကြီးတွေရဲ့ စိတ်ကူးယဉ်အိပ်မက်လည်း မဟုတ်ဘူး။ အဲဒါ သေရာမှပြန်ရှင်တော်မူတဲ့ယေရှုဘုရားရှင်ဖြစ်ပါတယ်။ ကာယနဲ့ ဝိညာဉ်ပါတဲ့/ အသက်ရှင်တဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူပါတယ်။ ဟုတ်တယ်လေ။ သရဲ့သဲရဲ့က သင့်ကို မနက်စာစားဖို့ ဖိတ်ခေါ်ပါ့မလား။ သရဲ့သဲရဲ့က အစာမစားဘူးလေ။ အဲဒီကျမ်းပိုဒ်ထဲမှာ "ယေရှုက လာကြ၍နံနက်စာစားကြလော့ ဟု သူတို့အား မိန့်တော်မူ၏။ တပည့်တော်တို့တွင် တစ်ဦးတစ်ယောက်ကမျှ ကိုယ်တော်အား သင်မည်သူဖြစ်သနည်းဟု မမေးလျှောက်ဝံ့ကြ။ အကြောင်းမူကား သူတို့သည် ကိုယ်တော်ဖြစ်ကြောင်းကို သိကြလေ၏။" တဲ့။ လူတူ မမှားဘူးဆိုတာကို အတိအကျ ဖော်ပြတဲ့သဘောပါ။

သေရာမှပြန်ရှင်ပြီးနောက်ပိုင်း တပည့်တော်ကြီးတွေက ယေရှုဘုရားရှင်နဲ့ တွေ့ဆုံကြတာ ဒါပါနဲ့ဆို (၃)ခါတောင် ရှိပါပြီ တဲ့ ကျမ်းစာမှာ ဖော်ပြထားပါသေးတယ်။

ကျနော်တို့လည်း ခရစ်ယာန်ဘာသာဝင်ဖြစ်နေကြလို့ သေရာမှပြန်ရှင်ခြင်းကို ယုံကြည်နေကြပေမဲ့ ကိုယ်တိုင် တွေ့ကြုံခံစားကြရတဲ့တပည့်တော်ကြီးတွေလို အသတ်ခံရမှာကိုတောင် မကြောက်တော့တဲ့အထိ ယုံကြည်ဖို့ လိုပါသေးတယ်။ မယုံတယုံ ဖြစ်မနေသင့်ပါဘူး။ တပည့်တော်ကြီးတွေကတော့

သေချာပေါက်ယုံကြည်လို့ အသတ်ခံရမှာကိုတောင် မကြောက်ကြတာပါ။ ကျနော်တို့လည်း တပည့်တော်ကြီးတွေလို သေချာပေါက် ယုံကြည်စိတ်ချနိုင်ရင် ဒီလောကရဲ့ အခက်အခဲ ဒုက္ခတွေကို ကြောက်နေမှာ မဟုတ်တော့ပါဘူး။ ဘယ်ဒုက္ခအခက်အခဲကမှ သင့်ကို စိတ်ပျက်စေမှာ မဟုတ်တော့ပါဘူး။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။

။